## အဖွဲ့အစည်း၏ ရည်မှန်းချက်

မြန်မာနိုင်ငံရှိ သန္ဓေသားဘဝမှ (၈)နှစ်အောက်ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးရန်နှင့် ပင်မအရင်းအမြစ်ဌာနတစ်ခုအဖြစ် ဖွင့်လှစ်ထားရှိရန်။

## အဖွဲ့အစည်း၏ ပန်းတိုင်

မြန်မာနိုင်ငံရှိ သန္ဓေသားဘဝမှ (၈)နှစ်အောက် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထောက်ပံ့မှုပေးရန်။ (ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေး အာဟာရအတွက် သာမက ကလေး၏ အတွေးအခေါ် ရှင်သန်မှု၊ ငယ်ရွယ်စဉ် သင်ယူဆည်းပူးနိုင်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်ပါသည်။)

## ရည်မှန်းချက်ဖြင့် အကောင်အထည်ဖေါ် ရမည့် လုပ်ငန်းများ

- ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် ခေါင်းဆောင်များ၊ မိဘများ၊ မူကြိုဆရာများအနေဖြင့် (၈)နှစ်အောက် ကလေးများကို လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ပြုစုပျိုးထောင်ပုံကို နားလည်လာစေရန် လေ့ကျင့်သင်ကြားပေးခြင်း။ (ထိုသို့ပြုလုပ်ခြင်းသည် ကလေးများကျောင်း၌ အဆင်ပြေစေရန်သာမက ဘဝတစ်လျှောက်လုံး လေ့လာသင်ယူနိုင်စွမ်း ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။)

- ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းဆရာများကို နည်းပညာ အထောက်အပံ့ပေးခြင်းဖြင့် ထိုသူများမှတစ်ဆင့် ရပ်ရွာခေါင်းဆောင်ပိုင်းများ၊ မိဘပညာပေးသင်တန်း ဦးဆောင်သူများ၊ မူကြိုဆရာများကို ပြန်လည်လေ့ကျင့် သင်ကြားပေးခြင်း။ (လေ့ကျင့်သင်ကြားပေးရာတွင် မိန်းပေါ်လာအတွေ့အကြုံ ဗဟုသုတအဖြစ် ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနများမှ နောက်ဆုံးတွေ့ရှိချက်များ ပါဝင်သည်။)

- ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သော သင်တန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ တိုးတက်စေခြင်း။ (ဥပမာ - ဗွီဒီယိုခွေ၊ စီဒီခွေ၊ ကလေးစာအုပ်များ၊ ပိုစတာများ၊ အခြားသင်တန်းသုံး ပစ္စည်းများ)

- ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပင်မအရင်းအမြစ်ဌာနကို နေရာနှစ်ခုတွင် ဖွင့်လှစ်ပေးထားခြင်း။ (အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့တွင်၎င်း၊ အထက်မြန်မာပြည်အတွက် မန္တလေးမြို့တွင်၎င်း ဖွင့်လှစ်ထားပြီး ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ စိတ်ဝင်စားသူများ လာရောက်ပြီး သတင်း အချက်အလက်များ၊ အကြံဉာဏ်များ၊ ပစ္စည်းများ ရယူနိုင်ပြီး အပြန်အလှန် ကူညီဆောင်ရွက် နိုင်ပါသည်။)

## ဦးတည်ချက်ရောက်ရှိရန် လုပ်ကိုင်ဆောင်ရွက်ပုံများ

- မြန်မာပြည်တွင်းရှိ အရည်အချင်းရှိသူများကို ရှာဖွေ၍ အရည်အသွေးမြှင့်တင်ပေးခြင်း။
- သင်တန်းလမ်းညွှန်များ၊ သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့ကူညီပေးခြင်း။
- တစ်နှစ်လျှင်တစ်ကြိမ် မတ်လတွင် သင်တန်းဆရာများနှင့် နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲကို (၆)ရက်တာ ကျင်းပပြီး စိတ်ပါဝင်စားသူများကို တက်ရောက်စေပါသည်။ ဆွေးနွေးပွဲတွင် အရည်အသွေးမြှင့်တင်ပေးရန်၊ အတွေ့အကြုံဖလှယ်ရန်နှင့် တွေ့ဆုံရင်းနှီးမှု ရရှိစေရန် ရည်ရွယ်ပါသည်။
- အရည်အသွေး ပြည့်ဝသော သင်တန်းဆရာများပေါ်ထွန်းလာစေရန် အရည်အချင်းရှိသူများကို ရှာဖွေဖေါ်ထုတ်ပြီး လိုအပ်သောသင်တန်းများ ပံ့ပိုးပေးခြင်း။
- အခြားအဖွဲ့များမှ ထုတ်လုပ်သော ကလေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပစ္စည်းများ၊ ကစားစရာများ၊ ကစားနည်းများကို လက်ခံပြီး ပြန်လည်ရောင်းချပေးသော နေရာနှစ်ခုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ပေးခြင်း။
- ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ အကြံပေးပညာရှင်များဖြင့် ပံ့ပိုးပေးခြင်း။











အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ပြုလုပ်သော ကစားစရာများ



## ထွက်ပေါ် လာခဲ့သော အကျိုးရလဒ်များ

➢ ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းလမ်းညွှန်နှင့်သင်ထောက်ကူ ပစ္စည်းများ ရရှိနိုင်ပါသည်။

- မြန်မာကလေးပုံပြင်စာအုပ်များ ၈၅မျိုး ( ဘာသာနှစ်မျိုးဖြင့် ထုတ်ဝေသော စာအုပ်များ အပါအဝင်)






ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ သင်ထောက်ကူပစ္စည်းများအား ကလေးများအသုံးပြုနေပုံ။

- သင်တန်းပုံစံ ၆မျိုး(ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအကြိုဆွေးနွေးပွဲ မူကြိုဆရာဖြစ် တစ်လသင်တန်း၊ မိဘပညာပေး ဦးဆောင်သူများသင်တန်း၊ မူကြိုစီမံခန့်ခွဲမှု ကော်မတီသင်တန်း၊ မွမ်းမံသင်တန်းနှင့် ဒေသထွက်နှင့်စွန့်ပစ်ပစ္စည်းများမှ ကစားစရာပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ)
- ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လက်ဆွဲစာအုပ်များ ( ကလေးပြုစုစောင့်ရှောက်သူများ ဆရာလက်စွဲ၊ မိဘပညာပေးသင်တန်း ဦးဆောင်သူများ လက်ဆွဲစာအုပ်နှင့် ဒေသထွက်ပစ္စည်းများဖြင့် ကလေးများအတွက် ပျော်ရွှင်ကြည်နူးစရာနှင့် သင်ယူစရာ ကစားစရာများ ပြုလုပ်ခြင်းလက်စွဲစာအုပ်)
- သင်တန်းသုံး ဗွီဒီယိုခွေ ၆ ခွေ၊
- သရုပ်ပြပိုစတာ ၄ မျိုး၊
- ဖခင်များအတွက်ပိုစတာ(၂)မျိုးနှင့် ပြုစုစောင့်ရှောက်သူများအတွက် ပိုစတာ(၂)မျိုး
- မူကြိုကလေးသီချင်းခွေများ။

➢ အခြားအဖွဲ့အစည်းများမှ ပြုလုပ်သောသင်တန်းများတွင် နည်းပညာပိုင်းအပြင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျှက် ရှိပါသည်။




ကစားစရာ ပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ



ကစားစရာ ပြုလုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ကစားစရာများနှင့် ကစားနေပုံ



ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် ယူနီဆက် ပူးပေါင်းကျင်းပသည့်ကလေးသူငယ်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဒေသတွင်းနည်းပညာဖလှယ်ပွဲ




သင်တန်းဆင်း မူကြိုဆရာမများမှ ကလေးသူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေပုံ

## ပူးပေါင်းဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများ

၁. လူမှုဝန်ထမ်းဦးစီးဌာန
၂. ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊
   အမှတ်(၁) (၂) (၃) အခြေခံပညာဦးစီးဌာန
၃. ယူနီဆက်
၄. Swiss Aid
၅. ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအဖွဲ့(မြန်မာ)
၆. World Vision
၇. ကရုဏာမြန်မာ လူမှုရေးလုပ်ငန်း
၈. မေတ္တာဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း
၉. အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ
၁၀. အမျိုးမျိုးသော ဘာသာရေးအဖွဲ့အစည်းများ


အမှတ် ၂၄၊ သောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၂၄၆၆၃၈၊ ၀၁ - ၃၈၅၈၈၂
E-mail: yinthway@yangon.net.mm


# [illegible]



## ရင်သွေးငယ်တို့ဖွံ့ဖြိုးရေး အားလုံး ဝိုင်းဝန်းကူညီပေး

ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသည် ၁၉၉၉ခုနှစ်မှစတင်၍ Network Early Childhood Resource Centre (NECRC) အမည်ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေစဉ် ပူးပေါင်းဆောင်ရွက်လျှက်ရှိသော အဖွဲ့အစည်းများ၏ တောင်းဆိုချက်များအရ အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။